# ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၉။]

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစံနစ်များကို ထူထောင်လျက်ရှိရာ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ် ပညာရေးစံနစ်မှာ၊ ထိုဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးတည်ဆောက်မှုကိုအထောက်အကူပြုသည့် ပညာရေးစံနစ်သာဖြစ်ရန် လိုအပ်သောကြောင့်၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်၊ အာဏာတည်သည့်နေ့ရက်နှင့်အဓိပ္ပါယ်ဖော်ပြချက်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝှမ်းလုံးတွင်ချက်ခြင်းအာဏာတည်စေရမည်။

၂။ ။ဤဥပဒေပါစကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''တက္ကသိုလ်''ဆိုသည်မှာ၊ ပုဒ်မ ၃ အရဖွဲ့စည်းသည့် ဝိဇ္ဇာ၊ သိပ္ပံပညာရေးဆိုင်ရာ တက္ကသိုလ်များ (Universities)နှင့် အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ တက္ကသိုလ်များ (Professional Institutes) ကိုဆိုလိုသည်။

(ခ) ''ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်၊ သိပ္ပံကျောင်း'' ဆိုသည်မှာ၊ တက္ကသိုလ်နယ်နိမိတ်ပြင်ပ၌တည်ရှိ၍၊ ဤကိစ္စအလို့ငှါပြဋ္ဌာန်းထားသောစည်းကမ်းချက်များအရ၊ တက္ကသိုလ်နှင့်ဆက်သွယ်ပေါင်းစည်းမှု ခံစားခွင့်ရရှိသော ကောလိပ်၊ သိပ္ပံကျောင်းကိုဆိုလိုသည်။

## အခန်း ၂။

### ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းရန်အာဏာ။

၃။ ။အစိုးရသည်၊ အမိန့်ကြော်ငြာထုတ်ပြန်၍၊ တက္ကသိုလ် တခုကိုဖြစ်စေ၊ တက္ကသိုလ်များကိုဖြစ်စေ၊ ဖွဲ့စည်းနိုင်သည်။

၄။ ။ပုဒ်မ ၃ အရ ဖွဲ့စည်းသည့်တက္ကသိုလ်၊ သို့မဟုတ် တက္ကသိုလ်များကို ဝိဇ္ဇာ၊ သိပ္ပံပညာရေးဆိုင်ရာတက္ကသိုလ်၊ သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာ တက္ကသိုလ်ဟူ၍ အမျိုးအစားခွဲခြားသတ်မှတ်ရမည်။

၅။ ။အစိုးရသည်၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် တက္ကသိုလ်တခုခုတွင်၊ လက်အောက်ခံကောလိပ်၊ သိပ္ပံ၊ ကျောင်းကိုဖြစ်စေ၊ ဆက်သွယ် ပေါင်းစည်းထားသည့် ကောလိပ်၊ သိပ္ပံ၊ကျောင်းကိုဖြစ်စေ၊ ဖွဲ့စည်းပေးနိုင်သည်။

## အခန်း ၃။

### ရည်မှန်းချက်များ။

၆။ ။ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် တက္ကသိုလ်များ ရွေရှု ဆောင်ရွက်ရမည့် အဓိကရည်မှန်းချက်များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) မြန်မာ့ဆိုရှယ်လစ်လောကထည်ဆောက်ရာတွင်၊ ပါဝင်လုပ်ဆောင်မည့် ကျွမ်းကျင်လိမ္မာသော ပညာရှင်များ မွေးထုတ်ပေးရန်။

(ခ) ဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးလုပ်ငန်းအရပ်ရပ်တွင် တိုးတက်မှုရှိအောင် စွမ်းဆောင်နိုင်မည့် ပညာရှင်များမွေးထုတ်ပေးရန်။

(ဂ) အသက်မွေး ဝမ်းကျောင်းမှုကို အထောက် အကူ ပြုမည့် အတတ်ပညာနှင့် သိပ္ပံပညာကိုဦးစားပေး၍ လေ့ကျင့်သင်ကြားပေးရန်။

(ဃ) ဆိုရှယ်လစ်စံနစ် တည်ဆောက်ရေး လုပ်ငန်းအောင်မြင်မှုကို ရှေးရှု၍ သုတေသနလုပ်ငန်းများဆောင်ရွက်ရန်။

(င) ဆိုရှယ်လစ်အတွေးအခေါ်နှင့်လျော်ညီသည့် စိတ်နေသဘောထား၊ ကျင့်ဝတ်သိက္ခာများနှင့် ပြည့်စုံအောင် လေ့ကျင့်သင်ကြားပေးရန်။

(စ) လုပ်အားကို ဂုဏ်ယူစိတ်ရှိအောင် လေ့ကျင့်သင်ကြားပေးရန်။

(ဆ) မြန်မာ့ဆိုရှယ်လစ်လောက တည်ဆောက်ရာတွင် ပါဝင်နေကြသော လုပ်သားပြည်သူတို့၏ ပညာဉာဏ် အခြေခံအမြင်ကိုရင်း၊ ကျွမ်းကျင်မှုကိုရင်း၊ အစဉ်မပြတ် တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်။

## အခန်း ၄။

### တက္ကသိုလ်၏တာဝန်ဝတ်တရားများ။

၇။ ။တက္ကသိုလ် အသီးသီးသည်၊ အောက်ပါတာဝန် ဝတ်တရားများကို ဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးစံနစ်များနှင့် ကိုက်ညီသည့် ပညာရပ်များကို ပို့ချသင်ကြားပေးရန်။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးကိစ္စအဝဝအတွက် အထူးပညာတတ် ပုဂ္ဂိုလ်များ၊ ပညာကျော်များ၊ စက်မှုလက်မှု ကျွမ်းကျင်သူများ စသည့်အတတ်ပညာသည်များနှင့် အသိပညာရှင်များဖြစ်ထွန်းအောင် အတတ်ပညာသင်ကြားပေးရန်။

(ဂ) သုတေသနလုပ်ငန်းအတွက်ရင်း၊ပညာတိုးပွါးရေးအတွက်ရင်း၊ပညာဖြန့်ချိရေးအတွက်ရင်း၊ စီမံထားချက်များပြုလုပ်ရန်။

(ဃ) တက္ကသိုလ်ပညာရေးဆိုင်ရာ စာမေးပွဲများကျင်းပရန်။

(င) တက္ကသိုလ်များ၊ ဒီပလိုမာ လက်မှတ်များ၊ တက္ကသိုလ်စာမေးပွဲအောင်လက်မှတ်များနှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းချီးမြှင့်ရန်။

(စ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏နေရေး၊ ထိုင်ရေးနှင့်စည်းကမ်းသေဝပ်ရေးတို့ကို ကြီးကြပ်စီမံခန့်ခွဲရန်နှင့်ကျောင်းသားကျောင်းသူများ၏ ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ကျန်းမာရေးတိုးတက်အောင်စီမံခန့်ခွဲရန်။

(ဆ) တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ဆိုရှယ်လစ်လူ့ဘောင်နှင့် ဟပ်မိအောင် ကျောင်းခန်းပြင်ပ ပညာရေးလုပ်ငန်းများတွင် လေ့ကျင့်ပေးရန်။

(ဇ) တက္ကသိုလ်က ရှေ့ရှုဆောင်ရွက်ရမည့် အဓိက ရည်မှန်းချက်များကို ပြီးမြောက် အောင်မြင်စေရေးအတွက် လိုအပ်သော အခြားကိစ္စအရပ်ရပ်ကိုဆောင်ရွက်ရန်။

## အခန်း ၅။

### တက္ကသိုလ်များကြီးကြပ်ရေး။

၈။ ။(၁) အစိုးရသည်၊ မိမိ၏ကိုယ်စားတက္ကသိုလ်ပညာရေးကို ကြီးကြပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ်များဗဟိုကောင်စီကိုဖွဲ့စည်းရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟိုကောင်စီတွင်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်။

(က) ပညာရေးဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။
(ခ) အစိုးရခန့်ထားသော ပုဂ္ဂိုလ်တဦး .... ဒုတိယဥက္ကဋ္ဌ။
(ဂ) အတွင်းဝန်၊ အမျိုးသားစီမံကိန်းဌာန .... အဖွဲ့ဝင်။
(ဃ) အတွင်းဝန်၊ စက်မှုလက်မှုဌာန .... အဖွဲ့ဝင်။
(င) အတွင်းဝန်၊ လယ်ယာနှင့်စိုက်ပျိုးရေးဌာန .... အဖွဲ့ဝင်။
(စ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ကိုယ်စားလှယ်တဦး အဖွဲ့ဝင်။
(ဆ) တက္ကသိုလ်များ၏ ပါမောက္ခချုပ်များ .... အဖွဲ့ဝင်။
(ဇ) ပညာညွှန်ကြားရေးဝန် .... အဖွဲ့ဝင်။
(ဈ) အတွင်းဝန်၊ ပညာရေးဌာန .... အဖွဲ့ဝင်။
(ည) အစိုးရခန့်ထားသည့်ပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(ဋ) အစိုးရခန့်ထားသည့်အတွင်းရေးမှူးတဦးနှင့်တွဲဘက်အတွင်းရေးမှူးတဦး။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်များဗဟိုကောင်စီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) တက္ကသိုလ်ပညာရေးဆိုင်ရာ ဝါဒသဘောထားများကိုချမှတ်ပေးရန်။
(ခ) တက္ကသိုလ်များ၊လက်အောက်ခံကောလိပ်၊သိပ္ပံ၊ကျောင်း သစ်များနှင့်ဆက်သွယ်ပေါင်းစည်းထားသည့်ကောလိပ်၊ သိပ္ပံ၊ကျောင်းသစ်များဖွဲ့စည်းဖွင့်လှစ်ပေးရေးအတွက် အစိုးရထံ ထောက်ခံချက်တင်ပြရန်။

(ဂ) တက္ကသိုလ်များမှမည်သို့သော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များပေးရမည်ကိုစဉ်းစားဆုံးဖြတ်ရန်။

(ဃ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့်၎င်း၊ ဆိုရှယ်လစ်စီးပွါးရေးတည်ဆောက်မှုကော်မီတီနှင့်၎င်း၊ ညှိနှိုင်း၍ လိုအပ်သော ပညာရှင်အရေအတွက်ရရှိနိုင်အောင် တက္ကသိုလ်များတွင် လက်ခံသင်ကြားမည့် ကျောင်းသားဦးရေ ကန့်သတ်ရန်။

(င) တက္ကသိုလ်များ၏ နှစ်စဉ်ကုန်ကျစရိတ် ခန့်မှန်းခြေကို သတ်မှတ်ရန်နှင့်ခွင့်ပြုရန်။

(စ) တနိုင်ငံလုံးကို အကျိုးပြုစေမည့် သုတေသနလုပ်ငန်းများကို စဉ်းစားသတ်မှတ်ပေးရန်။

(ဆ) ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းချီးမြှင့်ရေးကို ဆုံးဖြတ်ရန်။

(ဇ) တက္ကသိုလ် ပညာရေးအတွက် ရည်မှန်းချက်များ အကောင်အထည်ဖေါ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို စဉ်းစားဆုံးဖြတ်ရန်။

(ဈ) တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းများကို ကြီးကြပ်ရန်နှင့် တင်ပြသော ပြဿနာအရပ်ရပ်ကိုစဉ်းစားဆုံးဖြတ်ပေးရန်။

၉။ ။(၁) အစိုးရသည်၊ တက္ကသိုလ်ပညာအဆင့်အတန်း၊ သင်ရိုးမာတိကာအစရှိသောပညာရေးနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ် ကြီးကြပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟိုကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟို ကောင်စီအဖွဲ့ဝင်မဟုတ်သူများပါဝင်သော တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီကို ဖွဲ့စည်းရမည်။

(၂) တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) ပညာရေးဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။
(ခ) အစိုးရကခန့်ထားသောပုဂ္ဂိုလ်တဦး .... ဒုတိယဥက္ကဋ္ဌ။
(ဂ) ပါမောက္ခချုပ်များ .... အဖွဲ့ဝင်။
(ဃ) ပညာညွှန်ကြားရေးဝန် .... အဖွဲ့ဝင်။
(င) ညွှန်ကြားရေးဝန်ချုပ် (ရေနံဓါတ်နှင့် ဓါတ်သတ္တုရှာဖွေထုတ်လုပ်ရေးကော်ပိုရေးရှင်း) .... အဖွဲ့ဝင်။
(စ) အင်ဂျင်နီယာချုပ် (ပြည်သူ့အိုးအိမ်အဖွဲ့) .... အဖွဲ့ဝင်။
(ဆ) ညွှန်ကြားရေးဝန် (ကျန်းမာရေးဌာနခွဲ) .... အဖွဲ့ဝင်။
(ဇ) ညွှန်ကြားရေးဝန် (စက်မှုလက်မှုဌာနခွဲ) .... အဖွဲ့ဝင်။
(ဈ) ညွှန်ကြားရေးဝန် (စိုက်ပျိုးရေးဌာနခွဲ) .... အဖွဲ့ဝင်။
(ည) ညွှန်ကြားရေးဝန် (တိရစ္ဆာန်ဆေးကုဌာနခွဲ) .... အဖွဲ့ဝင်။
(ဋ) ညွှန်ကြားရေးဝန် (ဗဟိုစီးပွါးရေးနှင့် ကာရင်းအင်း ဌာနခွဲ) .... အဖွဲ့ဝင်။
(ဌ) အင်ဂျင်နီယာချုပ် (လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့) အဖွဲ့ဝင်။
(ဍ) နည်းပြချုပ် (ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း) .... အဖွဲ့ဝင်။

[(စ)] တက္ကသိုလ်ပညာရေးအဖွဲ့အသီးသီးကရွေးချယ်သော ဆရာတဦးစီ .... အဖွဲ့ဝင်။
(ဆ) အစိုးရခန့်ထားသည့်ပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(ဇ) အစိုးရခန့်ထားသည့်အတွင်းရေးမှူးတဦး။

(၃) တက္ကသိုလ် ပညာရေးအဖွဲ့များ ကောင်စီ၏ တာဝန် ဝတ်တရားများမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) တက္ကသိုလ် ပညာရေးအဆင့်အတန်းကို ပြဋ္ဌာန်းသတ်မှတ်ရန်။
(ခ) တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိရန်လိုအပ်သည့် ပညာအရည်အချင်းနှင့် ရွေးချယ်ပုံနည်းစံနစ်သတ်မှတ်ပေးရန်။
(ဂ) တက္ကသိုလ်စာမေးပွဲများကျင်းပရေးအတွက် စည်းကမ်းနှင့် စံနစ်များ ကိုပြဋ္ဌာန်းသတ်မှတ်ရန်။
(ဃ) တက္ကသိုလ် ဆရာအဆင့်ဆင့်တို့၏ အခြေခံပညာ အရည်အချင်းကို သတ်မှတ်ရန်နှင့် ထိုဆရာတို့ပညာတိုးတက်ရေးအတွက် သုတေသန လုပ်ငန်း စသည်များချမှတ်ပေးရန်။
(င) တက္ကသိုလ်ပညာရေးအဖွဲ့အသီးသီး၏သုတေသနလုပ်ငန်းများကိုင်း၊ အလုပ်ဝတ်တရားနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ၎င်း၊ ညှိနှိုင်းပေးရန်။
(စ) တက္ကသိုလ်ပညာရေးအဖွဲ့ အသီးသီးကတင်ပြသော တက္ကသိုလ်ပညာ တိုးတက်ရေးလုပ်ငန်းများကို စိစစ်၍၊ တက္ကသိုလ်များ ဗဟိုကောင်စီ သို့တင်ပြရန်။

## အခန်း ၆။

### တက္ကသိုလ်များအုပ်ချုပ်ရေး။

၁၀။ ။တက္ကသိုလ်များ အုပ်ချုပ်ရေးကို၊ ပညာရေးဌာနက တိုက်ရိုက်ကြီးကြပ် ရမည်။

၁၁။ ။ပညာရေးဌာနသည်၊ တက္ကသိုလ်များကိုစံနစ်တကျ အုပ်ချုပ်စီမံခန့်ခွဲ နိုင်ရန်အလို့ငှါ၊ တက္ကသိုလ်အုပ်ချုပ်ရေးရုံးကို ၎င်း၏လက်အောက်တွင် ဖွဲ့စည်းထားရ မည်။

၁၂။ ။(၁) တက္ကသိုလ် အသီးသီး၏ အုပ်ချုပ်ရေးနှင့် ပညာရေးဆိုင်ရာ တာဝန်များကို စီမံခန့်ခွဲရန်၊တက္ကသိုလ်တိုင်းတွင်၊အောက်ပါအဖွဲ့များကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟိုကောင်စီက ဖွဲ့စည်းရမည်။

(က) တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့။
(ခ) တက္ကသိုလ် ပညာရေးအဖွဲ့။

(၂) တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ အသီးသီးတွင်၊ အောက်ပါပုဂ္ဂိုလ်များ ပါ ဝင်စေရမည်။

(က) ပါမောက္ခချုပ် ဥက္ကဋ္ဌ။
(ခ) ပညာရေးဌာနက ရွေးချယ်သော ပုဂ္ဂိုလ် ၂ ဦး အဖွဲ့ဝင်။

(ဂ) တက္ကသိုလ်များ ဗဟိုကောင်စီဝင် ၂ ဦး .... အဖွဲ့ဝင်။
(ဃ) တက္ကသိုလ်ဆရာ ၃ ဦး .... အဖွဲ့ဝင်။
(င) မော်ကွန်းထိန်းအရာရှိ .... အတွင်းရေးမှူး။

မှတ်ချက်။ ။ဘက္ကသိုလ်တခုခုတွင် လက်အောက်ခံကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိလျှင်၊ ထိုကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ကျောင်းအုပ်များသည်၊ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရမည်။

(၃) တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့၏တာဝန်ဝတ်တရားမှာ၊ အောက်ပါအတိုင်း ဖြစ်စေရမည်။

(က) တက္ကသိုလ်ရာထမ်း မှုထမ်းများအား ရာထူးခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေး၊ ခွင့်ပေးရေးစသောပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စအဝဝကို၊ အစိုးရပြဋ္ဌာန်းသည့် နည်းဥပဒေ၊ ထုတ်ပြန်သည့် ညွှန်ကြားချက်နှင့် အမိန့်များအတိုင်းဆောင်ရွက်ရန်။
(ခ) နည်းဥပဒေ၊ညွှန်ကြားချက်နှင့်အမိန့်များအရ၊ဆောင်ရွက်ခွင့်အာဏာပေးထားသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ရန်။
(ဂ) ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်သောစည်းကမ်းများ သတ်မှတ်ရန်နှင့် ထိုစည်းကမ်းများအတိုင်း လိုက်နာအောင်ကြပ်မတ်ထိန်းသိမ်းရန်။
(ဃ) တက္ကသိုလ်နယ်မြေကိစ္စများကိုဆောင်ရွက်ရန်။
(င) ကျောင်းသား ကျောင်းသူများအတွက် ကာယဗလနှင့် ယဉ်ကျေးမှုလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်စီမံရန်။
(စ) တက္ကသိုလ်ရာထမ်းမှုထမ်းနှင့် ကျောင်းသားကျောင်းသူတို့၏ ကျန်းမာရေးကိစ္စများကို စီမံဆောင်ရွက်ရန်။
(ဆ) ကျောင်းဆောင်ကိစ္စအရပ်ရပ်ကို စီမံဆောင်ရွက်ရန်။
(ဇ) ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းလခလွှတ်ငြိမ်းခွင့် ချီးမြှင့်ရေးကိစ္စအတွက်ထောက်ခံချက်တင်ပြရန်။

(၄) တက္ကသိုလ် ပညာရေးအဖွဲ့အသီးသီးတွင်၊ အောက်ပါ ပုဂ္ဂိုလ်များပါဝင်စေရမည်။

(က) ပါမောက္ခချုပ် .... ဥက္ကဋ္ဌ။
(ခ) ပါမောက္ခများ .... အဖွဲ့ဝင်။
(ဂ) ဌာနမှူးများ .... အဖွဲ့ဝင်။
(ဃ) ဘာသာရပ် အသီးသီး၌ ကျွမ်းကျင်သည့် ပြင်ပ ပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(င) ဒီဂရီကောလိပ်နှင့် ဥပစာကောလိပ် ကျောင်းအုပ်ကြီးများ .... အဖွဲ့ဝင်။
(စ) မဟာဌာနမှူးများ .... အဖွဲ့ဝင်။
(ဆ) မော်ကွန်းထိန်းအရာရှိ .... အတွင်းရေးမှူး။

(၅) တက္ကသိုလ် ပညာရေးအဖွဲ့၏ တာဝန်ဝတ္တရားများမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) သင်ရိုးမာတိကာသတ်မှတ်ရန်။
(ခ) သင်ရိုးညွှန်းတမ်းရေးဆွဲရန်။
(ဂ) စာမေးပွဲများကျင်းပပေးရန်နှင့် အောင်စာရင်းများကြေညာရန်။
(ဃ) ဘွဲ့၊ဒီပလိုမာ၊အောင်လက်မှတ်နှင့်ဆုများချီးမြှင့်ရန်။
(င) ဌာနသစ်များတီထွင်ရေးအတွက်ထောက်ခံရန်။
(စ) တက္ကသိုလ်ပညာသင်ကြားရေးရာထူးအဆင့်အသီးသီးအတွက် လိုအပ်သော ပညာအရည်အချင်းများကို သတ်မှတ်တင်ပြရန်။
(ဆ) တက္ကသိုလ်တွင်ပြဋ္ဌာန်းမည့်စာအုပ်စာတမ်းဟူသမျှကို စီစစ်အတည်ပြုရန်။

(၆) တက္ကသိုလ်တခု၏ လက်အောက်ခံ၊သို့မဟုတ်ဆက်သွယ်ပေါင်းစည်းထားသည့်ကောလိပ်၊သိပ္ပံ၊ ကျောင်းများအုပ်ချုပ်ရေးအတွက်ကို နည်းဥပဒေဖြင့်ပြဋ္ဌာန်းပေးရမည်။

## အခန်း ၇။

### ဘဏ္ဍာရေး။

၁၃။ ။(၁) တက္ကသိုလ်များသည်၊ မိမိတို့၏ဝင်ငွေထွက်ငွေများနှင့် စပ်လျဉ်း၍၊ အခြားအစိုးရဌာနများနည်းတူ၊ ရ-သုံးမှန်းခြေငွေစာရင်းကို အစိုးရထံတင်သွင်းရမည်။

(၂) တက္ကသိုလ်များသည်၊ မိမိတို့၏ ဝင်ငွေအားလုံးကို အစိုးရငွေစာရင်းသို့ ရငွေအဖြစ်ထည့်သွင်းရမည်။

(၃) တက္ကသိုလ်များသည်၊မိမိတို့၏အသုံးစရိတ်များကို၊ အခြားအစိုးရဌာနများနည်းတူ၊ငွေစာရင်းမင်းကြီးထံ ငွေတောင်းခံလွှာများ တင်သွင်း၍ထုတ်ယူသုံးစွဲရမည်။

## အခန်း ၈။

### အထွေထွေ။

၁၄။ ။ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ်များ၌သာ၊ တက္ကသိုလ်ဘွဲ့၊ ဒီပလိုမာလက်မှတ်နှင့် တက္ကသိုလ်စာမေးပွဲအောင်လက်မှတ်များအပ်နှင်းခွင့်ရှိရမည်။

၁၅။ ။အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ၊နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ ညွှန်ကြားချက်များ၊ အမိန့်များထုတ်ပြန်ခြင်းပြုနိုင်သည်။ ထိုနည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ အမိန့်များသည်၊ ဥပဒေကဲ့သို့ အာဏာတည်စေရမည်။